# ဆရာကြီးပီမိုးနင်း

၏

# ဘဝဓလေ့များ



သုံးဆယ်ထိုင့်တင်မြင့်

Graphic Design:
COBAIN - 0973052581

## (၁)
## ဇာတိချက်ကြွေမွေးရပ်မြေနှင့် ယိုးဒယားသို့ ခြေလျှင်ခရီး

လောကတွင် သတ္တဝါတို့ မည်သည် ဘဝအတွေ့အကြုံအမျိုးမျိုးနှင့် ရင်ဆိုင်ရမည်ဖြစ်သည် ။ အထွေထွေသော ဘဝခရီးကြမ်းတည်း ဟူသော မြစ်ကမ်းတောတောင် ကန္တာရတို့ ကိုလည်း အကြိမ် ကြိမ် ကျော်ဖြတ် ကျော်လွှားခဲ့ကြရသည် ။ အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့ ကိုလည်း မချိတင်ကဲ အားခဲ၍ ခံစားခဲ့ကြရလေပြီ။ အလီလီသော ချမ်းသာသုခများ ကိုလည်း ခံစား စံစားရပေါင်းလည်း များ ခဲ့လေပြီ။ ထိုသို့ အမျိုးမျိုးအထွေထွေ ကြုံရသော ဘဝအခန်းခန်း၌ မှတ်တမ်းအဖြစ် စံထားထိုက်သော အချက်ကလေးများ ၊ အကြောင်းအရာ ကလေးများ ၊ အတုယူဖွယ်များ ၊ ရှောင်ရှားသင့်ဖွယ်များ စသည် တို့ ကိုလည်း တွေ့နိုင်ကြောင်း သတိမူမိကြပေမည်။

မှန်ပေသည် ။ လူ့ဘဝ သို့မဟုတ် လူတို့ ၏ ဘဝဇာတ်ခုံသည် လည်း ထူးလှသည် ။ ဆန်းလှ သည် ။ တစ်ခါတစ်ရံ မမျှော်လင့်၊ မမျှော်မှန်း၊ မတွေးတောနိုင်သော အကြောင်းဖြစ်ရပ်များ ပင် ဖြစ် ပေါ် လာတတ်ကြသည် ။

လောက သို့မဟုတ် လူ့ဘဝဖြစ်ရပ်သည် မည်မျှအံ့သြဖွယ် ကောင်းပါသနည်း။ မည်မျှထူးကဲ ပါသနည်း စသည် ဖြင့် မေးခဲ့သော် အဆုံးအစမရှိနိုင်လောက်အောင် အခြေအနေ၌ ရှိသည် ပင်တည်း။ ကိန်းဂဏန်းအား

ဖြင့် ရေတွက်ခြင်းငှာ မကုန်နိုင်ချေ။ ထုထည်ပမာဏ အားဖြင့်လည်း ပြ ရန်မရှိ။ အ ချိန်အားဖြင့် ပိုင်းခြားရန်လည်း မလွယ်ကူပေ။ လောက၏ လူ့ဘဝသည် အနန္တဖြစ်၍ ကြံဆခြင်းငှာ မဝံ့အောင်ပင် ဖြစ်လေတော့သ ည် ။

သို့သော် လူသားတို့ ၏ ဘဝဟာ သို့မဟုတ် မိမိတို့ ၏ အစွမ်းဖြင့် ဆောင်ရွက်ရသော အကျိုး အမြတ်သည် အလွန်တန်ဖိုးရှိသော ရတနာ ပင် ဖြစ်သည် ။ မှန်ပေသည် ။ အဖြစ်မှန်၊ အကြောင်းမှန် အကျိုးမှန်မှ ရ သော အတွေ့အကြုံ ဘဝမှတ်တမ်းသည် မိမိအတွက်လည်းကောင်း၊ သူ တစ်ပါးအတွက် လည်းကောင်း အကျိုးပြုစေနိုင်သည် ။ ထိုအကျိုးပြု သောအချက်ကို မှတ်ရ၊ နာရ၊ လေ့လာရ၊ ကြားရ၊ လက်တွေ့ကျင့်သုံးရပါ က မြော်မြင်နိုင်သောဉာဏ်ကို လက်တွေ့ရပေမည်။ သူတစ်ပါး၏ ဘဝဖြစ်တွေကိုဖြစ်စေ၊ မိမိ၏ ဘဝဖြစ်တွေကို ဖြစ်စေ တစ်ဆင့်စကားဖြ င့် သူတစ်ပါးတို့ အား ပြောကြားသင့်သည် ။ နာကြားသူတို့ အဖို့ အကျိုးဖြစ်၍ ဘဝတန်ဖိုးကို နားလည်နိုင်ပေသည် တကား။

သို့ကြောင့် ဆရာပီမိုးနင်း၏ ဘဝအကြောင်းကို လေ့လာ၍ ရသမျှကို တစ်ဆင့်ဖောက်သည် ချ လိုက်ပါသည် ။

'ဥက္ကံ သုံးဆယ်၊ အပျိုတွေချောပါတဲ့ လှိုင်ဘောလယ်' ဟူသောစာဆို အချို့ရှိသည့်အတိုင်း လှိုင်သုံးနယ်အပါအဝင် သုံးဆယ်မြို့ အနောက်ခပ် ယွန်းယွန်းအရပ်၊ ရွာမရွာတွင် ဆရာပီမိုးနင်းကို မွေးဖွားခဲ့လေသည် ။

ဦးဥတ္တမဆရာတော်၏ မယ်တော်သည် ဦးဥတ္တမဆရာတော် အလော င်းအလျာ သန္ဓေခစဉ်က အိမ်ရှေ့တွင် ဥက္ကာကြယ်ကြီးတစ်လုံး ကြွေကျ ၍ လူသူပရိသတ်တို့ လာရောက်ဝိုင်းအုံလျက် ကြည့်ရှုကြသည် ဟု အိပ်မ က်မြင်သည် ။ ထင်ပေါ်ကျော်စောလတ္တံ့သော လူပညာရှိ၊ ရဟန်းပညာရှိ

လူစွမ်းကောင်း ထူးချွန်သောလုပ်သားကောင်း စသည် တို့ ကို မွေးဖွားမ ည့်မိခင်သည် ကိုယ်ဝန်ဆောင်သည့်အချိန်၌ ထူးဆန်းသောအိပ်မက်တစ် ခုခုတို့ မြင်မက်ရိုးဓမ္မတာရှိသည် ဟု သူဟောင်းတို့ ပြောဖူးသည် ။ သို့ သော် ပုဂ္ဂိုလ်တိုင်းတွင် ဤကဲ့သို့ မဖြစ် ချေ။ ယခု ဆရာပီမိုးနင်း၏ မိခင် သည် ပဋိသန္ဓေရှိစဉ်က ဆင်ဖြူလေး တစ်ကောင်ကို နို့တိုက်ရသည် ဟု အိပ်မက်ဖူးကြောင်း ဆရာပီမိုးနင်း၏ ညီ ဆရာကြီးဦးလူကားက တစ် ဆင့်စကား ပြောကြား၍ မှတ်သားရဖူးသည် ။

မိခင်က မိမိသားများအား…

'မိုးနင်းကို သန္ဓေရှိတုန်းက ငါ့မှာ ဆင်ဖြူငယ်ကို နို့တိုက်ရတယ်လို့ အိပ်မက်တယ်၊ ဒီ ကောင်ဟာ ထင်ပေါ်ကျော်ကြားတော့ ရှိမယ်၊ ဒါပေမဲ့ ဒီကောင်ဟာ တိရစ္ဆာန်ကိုမြင်မက်ထားတဲ့ အ တွက် လိမ္မာမယ်တော့မ ထင်ဘူး။ ပြီးတော့ ဆင်ဆိုတော့ သူထင်ရာသူလုပ်တတ်တဲ့ သဘောလ ည်း ရှိ မယ်၊ ငါ့သား မိုးနင်းဟာ သူ့စိတ်က ထင်ရင်တော့ သိကြားမင်း တားပေမယ့် ရမယ် မဟုတ်ဘူး ၊ သူ လုပ်ချင်တာ လုပ်မှာ ပဲ ငါ့သား လူ ကားကို သန္ဓေရှိတုန်းကတော့ ငါက သခွားသီးစားရတယ်လို့ အိပ် မက် တယ်၊ ဒီကောင်ကြီးပြင်းလာရင် အေးအေးချမ်းချမ်းပဲနေရမယ်"

ဟု ပြောခဲ့ဖူးကြောင်း သိရသည် ။

မှန်ပေသည် ။ ဆရာပီမိုးနင်းသည် လေးငါးခြောက်နှစ် အရွယ်က ရွာမတွင် သုံးဆယ်ချောင်း ကမ်းပါး၌ ညီငယ်များကို ထိန်းနေစဉ် ချောင်းထဲ၌ ရေကူးနေသောလူများကိုမြင်၍ ရေကူးလိုစိတ် ပေါ်လာသ ည် ။ ရေကူးနေသူများအား ကျွန်တော်လည်း ရေကူးမယ်ဟု ပြောသည် ။ 'ရေနက်တယ်၊ မင်း ဆင်းမကူးနဲ့ ' ဟု ပြောသော်လည်း 'ကျွန်တော်ကူးရ င် ရပါတယ်' ဆို၍ ရေထဲ ခုန်ချကူးလေ သည် ။ ရေမကူးတတ်၍ ရေနစ်

ရာ ဝိုင်း၍ ဆယ်ရသောဟူသတတ်။

ဆရာပီမိုးနင်း ကလေးဘဝ၌ ရေနစ်ခဲ့ဖူးသော ချောင်းအကွေ့ နေရာကို ဆရာအသက်ရှင်စဉ် က ဆရာ၏ တူအရင်း ပန်းချီဆရာ ဦးအုန်းခင်အား ပြသခဲ့ဖူးသည် ။ ၁၉၆၃ ခုနှစ်က စာရေးဆရာများ အသင်းသည် ဗိသနိုးသို့ လေ့လာရေးခရီးထွက်ကြသောအခါ သုံးဆယ်မြို့သို့ ခေတ္တဝင်ရောက်၍ ပီ မိုးနင်း၏ ဇာတိချက်ကြွေမြေ ရွာမရွာသို့ သွားရောက်လေ့လာကြသေးသည် ။ စာရေးဆရာအသင်းမှ စာရေး ဆရာများကို ပန်းချီဦးအုန်းခင်က ပီမိုးနင်း၏ ချက်မြှုပ်မြေနေရာ ငှက်ပျောတော၊ ရေနစ်ခဲ့သော ချောင်းကွေ့နေရာများကို လိုက်လံပြသခဲ့ပါသေးသည် ။

(ဆရာပီမိုးနင်း၏ အမည်အကြောင်းနှင့်ပတ်သက်၍ စာပေလောက၌ သိပြီးဖြစ်ကြခြင်း ကြောင့် ချန်လှပ်ထားခဲ့ပါသည် ။)

ဆရာပီမိုးနင်းသည် နေ့စဉ် ညီငယ် ညီမငယ်များကိုသာ ထိန်းကျောင်းနေရသဖြင့် ဘဝကို ငြီး ငွေ့လာသည် ။ နေ့ခင်းနေ့လယ် ငှက်ပျောပင်ရိပ်တွင် သားချင်းများ ၏ အဝတ်အစား စသည် များကို အ မြဲတစေ ဖွပ်လျှော်ပေးရသောဟူ၏။ အစစအရာရာတွင် လည်း သူက အကြီးဖြစ်နေ၍ သူ့သာလျှင် မိဘများက ခိုင်းစေလေသည် ။ နေ့စဉ်နှင့်အမျှ အလုပ်လုပ်ကိုင်ရသဖြင့် မပျော်ပိုက်ဘဲ ဖြစ်လာသည် ။ တစ်နေ့တွင် ငှက်ပျောရုံအောက်၌ အဝတ်လျှော်နေစဉ်..

"ငါ ဒီလိုနေလို့ မဖြစ်ဘူး၊ လယ်ထဲနဲ့ ဒီကလေးတွေနဲ့ ပဲ အချိန်ကုန်နေရမှာ ပဲ၊ ဒီထက် ကောင်းတဲ့ နေရာကို ငါ သွားမှ ဖြစ်မယ်"

ဟု တွေးတောကြံဆမိသည် ။ နောက်များ မကြာမီပင် ပီမိုးနင်းသည် ငှက်ပျောရုံအောက်တွင် အဝတ်ဖွပ်နေစဉ် မိဘများ မသိအောင် တိတ်တဆိတ် အိမ်မှ ဘိုးအေဘွားအေများ ရှိရာ သုံးဆယ်မြို့ လယ်မှ ဘုရင်ဂျီဘု

န်းတော်ကြီးကျောင်းသို့ ထွက်ပြေးလာသည် ။ ဘိုးဘွားများကလည်း မြေးမောင်မိုး နင်းအား ဘုရင်ဂျီဘုန်းတော်ကြီးထံ အပ်နှံ၍ ကျောင်းထား ပေးသည် ။ နောက် မိဘများ ပါ ဘိုးဘွား များ ရှိရာသို့ ပြောင်းရွှေ့လာကြသည် ။ ဆရာသည် အသက်အတော်ရင့်ပြီး ၁၀ နှစ်၊ ၁ ၁ နှစ်သားလောက်မှ ကျောင်းနေရကြောင်း သိရ၏။ သို့သော် ဉာဏ်ထ က်မြက်၍ အတတ်မြန်လွယ်သည် ဖြစ်လေသည် ။

"ငှက်ပျောပင်, ငှက်ပျောရုံတွေကိုမြင်တိုင်း ငါ့ဘဝကို သတိရမိတယ်၊ ငါငယ်ငယ်က ငှက် ပျောပင်အောက်မှာ အဝတ်ဖွပ်နေရင်း စိတ်ကူးရပြီး ထွက်ပြေးခဲ့တယ်၊ ငှက်ပျောပင်ဟာ ငါ့ဘဝအစ ပဲ"

ဟု ဆရာက သူ၏ တူ ဦးအုန်းခင်အား ပြောပြဖူးကြောင်း မှတ်သား ရသည် ။ စာရေးသူ မကြာ ခင်က သွားရောက်ခဲ့စဉ်က ဆရာ ပီမိုးနင်း၏ ဇာတိချက်မြှုပ်ခြံမြေနေရာတွင် ငှက်ပျောရုံတစ်ရုံပင် တွေ့ခဲ့ သေးသည် ။ ယခုအထိ ငှက်ပျောပင်က ဆရာ၏ မွေးရာအရပ်တွင် အဆက်မပြတ် ရှိနေပေ သေးသည် ။ ဆရာငယ်စဉ်က အဝတ်ဖွပ်နေသောနေရာများ ဖြ စ်လေရော့သလားဟု ပင် တွေးမိသေး သည် ။ သို့သော် ယခင်ကအပင်များ မဟုတ်တော့ချေတကား။

ဆရာကြီးဒွေဥဒေါင်းကလည်း စာရေးဆရာများ အသင်းနှင့် ဗိဿနိုး သွားစဉ်က သုံးဆယ် တွင် ဟောပြောကြရာ၌ ...

"ကျွန်တော် မီးရထားနဲ့ သုံးဆယ်ကိုဖြတ်သွားတဲ့ အခါ ငှက်ပျောပင်, ငှက်ပျောရုံတွေမြင် တော့ ဆရာပီမိုးနင်းကို သတိရတယ်၊ ဆရာရှိစဉ်က. .ငါဟာ ငှက်ပျောပင်အောက်က ထွက်ပြေးခဲ့ တယ်၊ ငါ့ဘဝကို ရန်းကန်ခဲ့ ရာ အမှတ်အသားပဲလို့ ပြောခဲ့ဖူးတယ်"

ဟု ဂုဏ်ပြုစကားမိန့်ခဲ့ပါသေးသည် ။

ဘုရင်ဂျီဘုန်းတော်ကြီး ဖာသာပဲလဝါးက ပီမိုးနင်းအား ပညာသင်ကြားပေးသည် ။ နောက် အရွယ်ရောက်လာသောအခါ ဘုရင်ဂျီကိုရင် ဝတ်ပေးသည် ။ အင်္ဂလိပ်စာပေကို သင်ကြားပေးသည် ။ ကျမ်းစာများကိုသင်သည် ။ နောက် ဘုရင်ဂျီဦးပဥ္စင်းအဖြစ် ဘုရင်ဂျီ ဘာသာသာသနာ၌ ပြုလုပ်စေ သည် ။ ဦးပဥ္စင်းပီမိုးနင်းကို ပီနန်သို့ပို့၍ ခရစ်ယာန်ဘာသာ ကျမ်းဂန်ဗဟု သုတများကို ဆည်းပူးစေ သည် ။

ပီနန်တွင် ဘုရင်ဂျီကျောင်း၌ အင်္ဂလိပ်ဘာသာစကားကိုသာ ပြောရသော်လည်း သင်ကြားရ သောဘာသာမှာ လက်တင်ဘာသာ ဖြစ်သည် ။ လောကီနှင့်ပတ်သက်သော စာပေကို မသင်ကြားရချေ။ လက်တင်ဘာသာနှင့် ရေးသားထားသော သမ္မာကျမ်းများကိုသာ သင်ရသည် ။ အင်္ဂလိပ်စာပေကို သင်ကြားခြင်း လုံးဝခွင့်မပြု။ ဘုန်းတော်ကြီးက အပြင်းအထန် ကန့်ကွက်သည် ။ သို့သော် ပီမိုးနင်းက အင်္ဂလိပ် စာပေကို လွန်စွာသင်ယူလိုသည် ။ ဘာသာစကားနှင့် ဘာသာစာပေကို ပီမိုးနင်းက သင်ယူလိုသောဆန္ဒ ပြင်းစွာရှိသည် ။ သို့သော် ကျောင်းက သင်ခွင့်မပေးချေ။

ပီမိုးနင်းသည် ပြင်သစ်ဘုန်းတော်ကြီးတစ်ပါးထံမှ အင်္ဂလိပ် စာပေကို တိတ်တဆိတ် ဆည်း ပူးသည် ။ ဘုန်းကြီးမသိအောင် သင်ရသည် ။ ကျောင်း၌ သင်ရန်နေရာ မရှိ၊ အချိန်လည်း မရ၊ သင်၍ လည်း မဖြစ်ချေ ။ သို့သော် အကြံကား မလျှော့သေး။ ပြင်သစ်ဘုန်းတော်ကြီးနှင့်အတူ ပီမိုးနင်းသည် ကျောင်းမှ တစ်မိုင်သာသာခန့်ဝေးသော တောင်ကုန်းကလေးသို့ လမ်းလျှောက်သွားလေ့ရှိသည် ။ ထို တောင်ကုန်းလေးပေါ်၌ ဇရပ်ကလေးတစ်ဆောင် ရှိသည် ။ ဦးပဥ္စင်းပီမိုးနင်းသည် လမ်းလျှောက်သွားသောအခါ၌ ဇရပ်ပေါ်တွင် ပြင်သစ်ဘုန်းတော်ကြီးထံမှ အင်္ဂလိပ်စာပေကို ခိုးကြောင်ခိုးဝှက် သင်ကြားယူရသည် ။ နေ့စဉ် ညနေပိုင်းတွင် လမ်းလျှောက်ထွက်၍ ဇရပ်ပေါ်မှာ စာသင်ကြားသည် ။ စာအုပ်ကို ကျောင်း

သို့ ပြန်မယူဝံ့ချေ။ ဇရပ်တစ်နေရာ၌ ဝှက်၍ ထားခဲ့ရသော ဟူ၏။

ယင်းကဲ့သို့ ဆရာသည် အင်္ဂလိပ်စာပေကို ခက်ခက်ခဲခဲ သင်ယူရာမှ အင်္ဂလိပ်စာကို ထုံးလို ချေ။ ရေလိုနှောက်နိုင်သောဘဝကို ရရှိခဲ့လေသ ည်။ လက်တင်ဘာသာကိုလည်း နိုင်နင်းစွာ တတ် မြောက်သည်။ ဤအ ကြောင်းကို ဆရာက မိမိတူရင်း ဦးအုန်းခင်အား ပြောပြခဲ့သဖြင့် ယခုကဲ့ သို့ သိ ရှိရခြင်းဖြစ်လေသည်။

နောက်တွင် ဆရာပီမိုးနင်းသည် ပီနန်၌ မပျော်ပိုက်၍ ပဥ္စင်း လူထွ က်ပြီး ပြန်လာမည်ဖြစ် ကြောင်း မိဘများအား အကြောင်းကြား ပြန်သ ည် ။ သုံးဆယ် ဘုရင်ဂျီဘုန်းတော်ကြီးထံလည်း မိမိ သည် ခရစ်ယာန် သာသနာ၌ မပျော်မွေ့နိုင်တော့သဖြင့် လူဝတ်လဲမည်ဖြစ်ကြောင်း ရိုသေ စွာ စာရေး အကြောင်းကြားသည် ။ ဆရာဘုန်းတော်ကြီးလည်း လက် လျှော့လိုက်ရသည်။

မိခင်သည် ပီမိုးနင်း သုံးဆယ်သို့ ဆိုက်ရောက်မည့်ရက်တွင် သား,ကို လူကားကို သုံးဆယ်မီးရထားဆိပ်သို့ သွား၍ ကြိုစေသည် ။ သား ကိုလူ ကားမှာ လည်း မိမိ၏ အစ်ကိုကို မမှတ်မိတော့ချေ။ ငယ်စဉ်ကပင် ခွဲခွာ သွားရသောကြောင့် ဖြစ်လေသည် ။ မီးရထားဆိုက်ပြီး ထွက်သွားသော အခါ ကိုလူ ကားသည် အစ်ကို,ကို ရှာ၏။ မတွေ့။ ခရီးသည် များ လည်း အသီးသီး သွားကြလေကုန်ပြီ။ အစ်ကို, ကိုလိုက်၍ ရှာလျက်ပင်။ သို့ သော် မီးရထားစင်္ကြံပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၊ ရွာ မရွာဘက်သို့ လှည့်ကြည့်လိုက် လုပ်နေသော တရုတ်ကြီးတစ်ယောက် ကိုသာ တွေ့ရသည် ။ ကိုလူကားက ရှာလေသည် ။ မတွေ့ချေ။ ခက်ရချ ည်သေး။ သို့သော် တရုတ်ကြီးဟာ ရွာမဘက်တော့ လှည့်ကြည့် လှည့်ကြည့် ဖြစ်နေသည် ။ အစ်ကိုများ ဖြစ်နေရော့သလားဟု ထင်၍ ကို

လူကားက…

“ခင်ဗျားဘယ်သူလဲ၊ ဘယ်သွားမလို့ လဲ”

မေးလေသည် ။ ဆရာပီမိုးနင်းက

“ငါ ရွာသွားမလို့ အကြိုစောင့်တာ”

လို့ ပြော၏။

“ခင်ဗျား ကျွန်တော့်သိလား”

ကိုလူကားက မေးသည် ။ ထိုအခါ..

“မင်း လူကားလား”

ဟု ဆို၍ သူ၏ လက်ဆွဲသားရေအိတ်ကို ပေး၍ လိုက်လေသည် ။ တရုတ်ဘောင်းဘီ၊ တရုတ် အင်္ကျီ၊ တရုတ်ဦးထုပ်များကို ဝတ်ဆင်ထားသည် မှာ မည်သူမျှ တရုတ် မဟုတ်ဘူး ဟု မပြောနိုင် လောက်အောင် တူလေသည် ။ ဆရာသည် သူ ကောင်းသည် ထင်သည် ကို လုပ်သည် ၊ ပတ်ဝန်းကျင်ကို လျစ်လျူရှုတတ်သည် ။ သူ၏ ဆောင်ရွက်ချက်၊ ပြုမူချက် ဖြစ်မြောက်ရေးသာ အဓိက ဖြစ်လေသည် ။

ဆရာပီမိုးနင်းသည် ပီနန်မှ ပြန် လာပြီး မိမိ၏ မိဘအိမ်တွင် ပင် အေးအေးချမ်းချမ်း ခေတ္တနေ ထိုင်သည် ။ မကြာမီ သုံးဆယ်ဘုရင်ဂျီကျောင်းမှ ဆရာ့အား ဆရာအဖြစ် စာသင်ကြားပို့ချရန် ခေါ်ယူ ပြန်သည် ။ ဆရာသည် သုံးဆယ် အာစီအမ်ကျောင်းတွင် လက်တင်ဘာ သာပြဆရာအဖြစ် ဆောင် ရွက်နေလေသည် ။ စာဖတ်ရာတွင် ဆရာသည် အထူးဝါသနာစူးရှသူ ဖြစ်သည် ။ ထိုစဉ်က ညီဖြစ်သူ ကိုလူကားနှင့်အတူ ဘုရင်ဂျီကျောင်းမှ အဆောင်တစ်ဆောင်တွင် ဘုန်းကြီးက နေရာချထားပေး သည် ။ ယခုလက်ရှိ အာစီအမ်ကျောင်းဆောင်မြောက်

ဘက် အစွန်ဆုံး အပေါ်ထပ်မှ အခန်း ဖြစ်သည် ဟု ဆရာကြီးဦးလူကား က ပြသဖူးသည် ။

ထိုအချိန်တွင် ညီဖြစ်သူမှာ ကျောင်းသားဖြစ်သည် ။ အစ်ကိုမှာ ကျောင်းဆရာဖြစ်သည် ။ ညီက ည ၁၀ နာရီအထိသာ စာဖတ် စာကျက်သည် ။ အစ်ကိုက ည နာရီပြန်နှစ်ချက်တီး။ ၃ နာရီထိ စာဖတ်သည် ။ အထူးသဖြင့် အင်္ဂလိပ်စာပေများ ၊ အင်္ဂလိပ်ဝတ္ထုများကို ဖတ်ရှု လေ့ရှိသည် ။

ဆရာကြီးဦးလူကား ပြောပြချက်များ အရကား ဆရာဖတ်ပြီးသော စာအုပ်များ တွင် မျဉ်းသားချက်များ အလွန်များ သည် ဟု သိရသည် ။ ည စာဖတ်ပြီးသောအချိန်တွင် အိပ်ရာပေါ်၌ အလွန်အိပ်ခဲသည် ။ စာဖတ်တော့လည်း ပက်လက်ကုလားထိုင်ပေါ်၊ စာဖတ်ပြီးလျှင်လည်း ထိုပက်လက်ကုလား ထိုင်ပေါ်တွင် ပင် အိပ်လေ့ရှိသည် ဟု သိရသည် ။ စာပေနှင့်အနုပညာကို လွန်စွာမြတ်နိုးသည် ။ အနုပညာဂီတ၌ ဆရာသည် ဝါသနာပါသော်လည်း ကျွမ်းကျင်စွာ မတတ်မြောက်ချေ။ အခြားသူများ အထူးသဖြင့် လူငယ်လူရွယ်များကို အလွန်အားပေးသည် ။ မိမိကိုယ်တိုင်လည်း အားလပ်သည့်အချိန်ရတိုင်း အခါအခွင့်သင့်တိုင်း လေ့လာသည် ။

သုံးဆယ်ဘုရင်ဂျီ ဘုရားရှိခိုးကျောင်းတွင် ဘုရားရှိခိုးသော အခါ အချို့ဓမ္မသီချင်းများကို စ န္ဒရားဖြင့် သီဆိုကြသည် ။ ဆရာပီမိုးနင်းက တစ်ခါတစ်ရံ စန္ဒရားကို ဝင်ရောက်တီးသည် ။ တီးလုံး ဖြင့် သီဆိုရသော ဓမ္မသီချင်းများ ပြီးလျှင် ဘုရားဝတ်ပြုသောသူများကလည်း ဘုရားရှိခိုးကြသည် ။ ဘုန်းကြီးကလည်း ပရိသတ်များအား တရားဟောကြားသည် ။ ထိုအခိုက်တွင် ဆရာပီမိုးနင်းသည် စ န္ဒရားတွင် မြန်မာတီးလုံးတီးကွက်

များကို လက်စမ်း၍ တီးနေတတ်သည် ။ ဘုန်းကြီးနှင့် ပဥ္စင်းများ က တော့ မသိချေ။ ဘုရားရှိခိုးနေသော မြန်မာ အမျိုးသား၊ အမျိုးသမီးများ နှင့် ဆွေမျိုးက သိကြ သည် ။ အရိပ်ပြ၍ လည်း သူမသိ၊ ချောင်းဟန့်၍ လည်း သူ နားမလည်၊ တီးမြဲတီးနေပေသော ဟူ၏။ ဘုရားဝတ်ပြုပြီး ထွက်လာသောအခါ..

“မိုးနင်းရယ်.. ကြည့်လုပ်ပါဦးဟ၊ ဘုရားရှိခိုးနေတုန်းများ အချိန်လေးဘာလေး ထားစမ်းပါ ဦး”

ဟု ပင် ဆွေမျိုးမိဘများက ပြောထားရသတည်း။

ဆရာပီမိုးနင်းသည် စာပေနှင့် သူ၏ ဗဟု သုတလေ့လာရေးမှ အပ တစ်ပါးသောအကြောင်းအ ရာများ ၊ အရေးအရာများမှာ သူ့အတွက် အရေးမပါလှ။ အစွဲအလမ်း၊ အယူသီးခြင်းလည်း မရှိချေ။ သဘာဝကျကျ တစ်နည်းအားဖြင့် ယခုခေတ်စကားဖြင့် ဆိုသော် သိပ္ပံနည်းကျကျဖြစ်သော အ ကြောင်းအကျိုးဟူသမျှကို သူလက်ခံလေသည် ။ မည်သည့်ဘာသာမဆို သူလေးစားသည် ။ မည်သည့် စာပေမဆို၊ မည်သည့် အကြောင်းကိုမဆို လေ့လာသည် ။ မှန်ကန်ချက် လက်တွေ့ တွေ့ရှိလာလျှင် လက်ခံကျင့်သုံးတတ်သော သဘောထားရှိသည် ။

ဘုရင်ဂျီဘုန်းကြီးဝတ်ကို ချွတ်၍ ပီနန်မှ ပြန်လာသောအခါ အမိဌာ ဒုတိယအိမ်ထောင်ရှိသည် ကို တွေ့ရသည် ။ ပထွေးသည် လည်း ညံ့သူမဟုတ်ပေ။ မြန်မာစာပေ ပညာရှိတစ်ယောက် ဖြစ်သည် ။ ဖခင်ဘက်မှ ဘိုးဘွားများ ၊ ဆွေမျိုးများ နှင့် ပထွေးလုပ်သူတို့ က မောင်မိုးနင်းအား ဗုဒ္ဓဘာသာထုံးစံအ ရ ရှင်ပြုလိုသည် ။ ရှင်ပြုရန်ပြောသောအခါ အလွယ်တကူပင် လက်ခံသည် ။ ဆွေမျိုးများက ရွာမဒွါရဘုန်းတော်ကြီးကျောင်းတွင် သင်္ကန်းဝတ်နှင့် နေ့စဉ် ရွာမဒွါရဆရာ

တော် ဦးဝါယမထံတွင် ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို လေ့လာဆည်းပူးသည် ။ အခြားသူများကဲ့သို့ ခေတ္တသင်္ကန်းဝတ်သူဖြစ်၍ ခရီးသွားဟန်လွှဲသဘော လေ့လာခြင်းမဟုတ်ဘဲ ကြိုးကြိုးစားစား အရေးတယူ လေ့လာလိုက်စားကြောင်း ဆရာပီမိုးနင်း၏ ညီဝမ်းကွဲတော်သူ ရွာမမြန်မာ သမားတော် ဦးစိုးရွှေ၏ ပြောပြချက်အရ သိရသည် ။ ထို့နောက် သင်္ကန်းဝတ်ချွတ်၍ မိဘများ နှင့်အတူ နေသည့်အခါဝယ် ပထွေးထံမှ မြန်မာစာ ပေဗဟု သုတများကို ဆည်းပူးသည် ။ ဆရာသည် ခေတ်ပညာတတ် တစ်ယောက် ဖြစ်သည့်အလျောက် များ မကြာမီပင် မြန်မာစာပေကို ကျွမ်းကျင်နိုင်နင်းနိုင်သော အရည်အချင်းနှင့် ပြည့်ဝသူတစ်ယောက် ဖြစ်လာသည် ။

ပထွေးထံ၌ မြန်မာစာ၊ မြန်မာ့ဗဟု သုတ၊ မြန်မာ့ဓလေ့ ယဉ်ကျေးမှု စသည် တို့ ကိုလည်း ကောင်း၊ ရွာမရွာအတွင်းရှိ သက်ကြီး ရွယ်ကြီးများထံမှ မြန်မာမှုနှင့်ပတ်သက်သမျှတို့ ကိုလည်း ကောင်း၊ တစ်နေ့မလပ် လေ့လာဆည်းပူးနေသည့်အချိန်တွင် သုံးဆယ်အာစီအမ်ကျောင်းမှ ဘုရင်ဂျီ ဘုန်းတော်ကြီးက ပီမိုးနင်းအား ပြန်ခေါ်ပြန်သည် ။ ဆရာ၏ စိတ်ဆန္ဒကို မေးမြန်းစုံစမ်းပြီးလျှင် မော် လမြိုင်သို့ ကျောင်းဆရာအဖြစ် သွားရောက်ရန် စေလွှတ်သည် ။ ဒေသန္တရအတွေ့အကြုံများကို အလိုရှိသော ဆရာပီမိုးနင်းအဖို့ ၌ အကြိုက်တွေ့သွားလေသည် ။ ဘုန်းတော်ကြီးစေလွှတ်ချက်ကို ဦးလည်မသုန် ဖြောင့်ဖြောင့် တန်းတန်း မော်လမြိုင်သွား၍ ဆရာအဖြစ် လုပ်ကိုင်သည် ။

ဆရာသည် လူတစ်မျိုးဟု ဆိုက မမှားနိုင်ချေ။ အဘယ်ကဲ့သို့ လူတစ်မျိုးနည်း။ မိမိ၏ ဆန္ဒရှိ သော ကိစ္စတစ်ခုခုကို ဆောင်ရွက်ရန် တွေ့ရှိပါက အခြားသူများကဲ့သို့ တွေးတောစဉ်းစားနေသူ မ ဟုတ်။ မည်သူမည်ဝါ မည်သည့်အကြောင်း စသည် တို့ ကို ထောက်ထားစရာ ရှိ

သည် ဟူသောစိတ် လုံးဝမရှိ၊ မိမိလုပ်လိုသောအလုပ်သာလျှင် ခေါင်းထဲ၌ ထားရှိတတ်သည် ။ မိမိ ဤကိစ္စကို ဆောင်ရွက် ခြင်းကြောင့် မည်သို့ဖြစ်သွားနိုင်သည် ကိုလည်း မကြည့်။ မည်သို့သော အခြေအနေက ပေးနေသည် ၊ ပြောင်းလဲမှုတွေဖြစ်သွားတတ်သည် ၊ ပြဿနာတွေ ပေါ်လာတတ်သည် စသည် တို့ ကိုလည်း တွေးခေါ်လေ့မရှိ၊ မည်သည့်အခါမျှလည်း တွေးကြည့်ဖူးသည် ဟူ၍ ရှိမည်မထင်။ မိမိ ဆောင်ရွက်ရန် ဆုံးဖြတ်သည့်ကိစ္စ တစ်ခုတည်းကိုသာ အာရုံကျလျက် ပြုကျင့် သွားတတ်သောသဘောသည် ဆရာ၌ ထာဝစဉ် ကိန်းအောင်းလျက် ရှိသည် ။

မော်လမြိုင်တွင် ဆရာသင်ကြားသည့်ဘာသာထဲ၌ ပထဝီဝင် ဘာသာရပ်လည်း ပါဝင်သည် ။ တစ်နေ့တွင် ပထဝီဘာသာအချိန်၌ တပည့်တို့ အား ယိုးဒယားပြည်အကြောင်းကို သင်ကြားသည် ။ မြေပုံဆွဲထားသည့်အခါတွင် ယိုးဒယားပြည်သည် မြန်မာပြည်နှင့် အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်း၊ မော်လမြိုင်သည် ယိုးဒယားနှင့် သာ၍ နီးကပ်သည့် အကြောင်းတို့ ကို မြေပုံတွင် ပြ၍ သင်ကြားသည် ။ ဆရာသည် စာသင်ကြားနေစဉ် အတွေးတစ်ခုသည် ရုတ်တရက်ဆိုသလို သူ၏ ဦးနှောက်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာသည် ။ မြေပုံထဲတွင် လည်း မော်လမြိုင်က နီးသည် ၊ မိုင်အားဖြင့်လည်း သိပ်မ ဝေးလှချေ။ သွားလိုက်လျှင် ရောက်တော့မည်။ သွားလျှင်ကောင်းမည်ဟု တွေးတောဆင်ခြင်မိ သည် ။

ဆရာပီမိုးနင်းသည် နောက်တစ်နေ့၌ မည်သူ့မျှ မတိုင်ပင်၊ အကြောင်းမကြားဘဲ ထွက်သွား လေသည် ။ မော်လမြိုင်မှ ယိုးဒယားသို့ ခြေကျင်ထွက်သွားခြင်း ဖြစ်သည် ။ ဆရာသည် တောတောင် တွေကို ဖြတ်၍ သွားရသည် ။ တကယ်အတိအကျ မြေပုံနှင့်သွားခြင်းမျိုး မဟုတ်၊ မှန်းသန်း၍ သာ သွားခြင်းမျိုး ဖြစ်သည် ။ အပေါင်းအဖော်လည်း မပါ၊ လမ်းလ

ည်း မသိ၊ မည်သည့်လမ်းက သွားရသည် ဟူ၍ လည်း စုံစမ်းမှု ယခင်က ရှိမထား၊ မိမိသွားလိုသောအာရုံကြောင့်သာ တောအထပ်ထပ် တောင်အလျှိုလျှိုတွေဖြစ်၍ သွားနေခြင်းဖြစ်သည် ။ ဆရာ၏ စိတ်ထဲ၌ ကုန်းဘောင်ခေတ် အလောင်းဘုရားတို့ လက်ထက်ပင် ယိုးဒယားကို ခြေကျင်သွားကြသေးသည် ဟု တွေးတောမိခြင်း ဖြစ်သေးသည် ဟူသတတ်။

တစ်နေ့လုံး တောထဲ၌ သွားရသဖြင့် မောပန်းနေ၏။ ညတွင် သစ်ပင်ထက်၌ တက်၍ အိပ် သည် ။ နောက်တစ်နေ့ ဆက်သွားမည်အပြုတွင် မိမိထင်သည့်အတိုင်း နီးနီးမဟုတ်ဘဲ ချက်ချင်းမ ရောက်နိုင်ကြောင်း သတိချပ်လာမိသည် ။ သို့နှင့်ပင် ရှေ့သို့ ခရီးဆက်၍ မနှင်တော့ဘဲ နောက်ကြောင်းပြန်ခဲ့သည် ။ တူဖြစ်သူ ဆရာဦးအုန်းခင်အား ပြောပြစဉ်က “ငါကွာ မောလိုက်တာ ဖတ်ဖတ် ကိုလန်ရော” ဟု ပြောပေသေးကြောင်း ဆရာဦးအုန်းခင်က ပြောပြဖူးသည် ။

ဆရာသည် ဤသို့ ယိုးဒယားဘက်သို့ တောလမ်းခရီးမှ ထွက်သောအခါတွင် မော်လမြိုင်မှ သူစာသင်ကြားသောကျောင်းမှ ဘုန်းတော်ကြီးသည် အကြီးအကျယ် ထိတ်လန့်သွားသည် ။ တပည့် တပန်းများ နှင့် မြို့တွင်း၌ လည်း ရှာ၍ မတွေ့၊ သူ သွားလေ့သွားထရှိသော နေရာများ သို့လည်း သွား ရောက်ရှာဖွေကြသည် မှာ အခါအခေါက်ပေါင်း မရေတွက်နိုင်ချေ။ ဆရာနှင့် ခင်မင်ရင်းနှီးကြသော မိတ်သင်္ဂဟများကလည်း စိတ်ပူပန်ကြသည် ။ လိုက်လံရှာကြသည် ။ တပည့်များကလည်း တွေ့ယောင်နိုးနှင့် နေရာအနှံ့အပြား သွားရောက်၍ မေးမြန်းကြသည် ။ ဘုန်းတော်ကြီးသည် ဂါတ်သို့ လူပျောက် တိုင်ရလျှင် ကောင်းနိုး၊ ထိုသို့ ဤသို့ ပြုရကောင်းနိုးနှင့် အတော်အကျပ်ရိုက် သွားသည် ဟု ဆိုသည် ။

ဘုန်းတော်ကြီးသည် သုံးဆယ်အာစီအမ်ဘုန်းကြီးထံသို့ သံကြိုးရိုက်မေးသည် ။ ရှာကြံ၍ မ တွေ့သည့်အဆုံး၌ သုံးဆယ်သို့ ပြန်သွားလေရော ထင်ဟူ၍ သာ စိတ်ဖြေနေကြရလေသည် ။ တာဝန်ရှိ သော ဘုန်းတော်ကြီးခမျာသည် သနားစရာဖြစ်နေသည် ။ ဆရာ၏ အကြောင်းကို အတွင်းသိ၊ တစ် နည်း ဓာတ်သိမဟုတ်သေးသော ဘုန်းတော်ကြီး ဖြစ်ခြင်းကြောင့်ပင်တည်း။ ယခင်ခေတ်က ပြန်ပေး ဆွဲခြင်း မရှိသဖြင့် ပြန်ပေးဆွဲသည် ဟု လည်း မတွေးတောကြ။ လူသတ်ရအောင် လည်း ကျောင်းဝင်း ထဲ၌ သာနေ၊ ကျောင်းထဲ၌ သာ စာသင်သူဖြစ်သည့်ပြင် ရွေစသော လက်ဝတ်လက်စားများမှာ ဆရာ၌ ဗလာနတ္ထိ၊ မူး၍ မှ ရှူစရာမရှိသူ ဖြစ်သည် ။ ဤအကြောင်းကြောင့်လည်း မဟုတ်နိုင်။ တစ်နည်းအား ဖြင့် မော်လမြိုင်ကမ်းခြေတွင် ရေနစ်ပြီးသေလျှင်သာ သေနိုင်စရာအကြောင်း ရှိလေသည် ။ တာဝန်ရှိ သော ကျောင်းအုပ်ချုပ်သူများ နှင့် ဘုန်းတော်ကြီးသည် ကြံရာမရ ဖြစ်နေကြသည် ။ ဇာတိမြေသို့ ပြန် လေသလော။

သို့သော် ဆရာသည် မွေးရပ်ထံသို့ ပြန်သွားသည် လည်း မဟုတ်။ သုံးဆယ်မှ ပြန်လာခဲ့သည် လည်း မဟုတ်။ နောက်တစ်နေ့ ညနေ နေဝင်ရီတရောတွင် မိမိသွားလိုသော ယိုးဒယားသို့ သွားရာ ခ ရီးအခြေအနေက မပေး၍ ပြန်လာသည့်ဆရာ့ကို တွေ့ရသည် ။ ခရီးကြမ်း၍ ပင်ပန်းသည် ။ မျက် ချောင်များ ကျ၍ ပင်နေသော ရုပ်သွင်ကို မြင်ရသည် ။ ယင်းကဲ့သို့ အဖြစ်အပျက်မျိုးဖြစ်၍ ဆရာပြန် လာသည် ကို တွေ့ကြသောသူတို့ သည် အံ့သြ၍ မဆုံးပြီ။ ဆရာ၏ ပြုမူချက်ကို ဘုန်းတော်ကြီးနှင့်တကွ မိတ်ဆွေများက လက်ဖျားခါကြရသည် ။ စာရေးသူ မော်လမြိုင်ရောက်စဉ်က ဆရာပီမိုးနင်း စာ သင်နေစဉ် ယိုးဒယားသို့ ခြေလျင်ခရီးနှင့်သွားဖူးသည် ကို ပြေး၍ သတိရမိပေသေးသည် ။ သြော်

...တကယ်ထူးသော ဆရာပီမိုးနင်းပါတကား။

ဆရာသည် မိမိစိတ်တွင်း၌ ကြံစည်မိသော ကြံစည်ချက်များ ဆုံးဖြတ်ချက်များ အတိုင်း တစ် သဝေမတိမ်း ပြုသင့်သောအလေ့ ရှိခြင်းသည် တခြားသူတို့ ထက် တစ်ဘာသာ ဆန်းနေပေတော့သည် တကား။

*

(၂)
## မဟုတ်မခံစိတ်နှင့်ပြည်မြို့သို့ထွက်ခွာလာခြင်း

မော်လမြိုင်မှ ပီမိုးနင်း၏ ဖြစ်ရပ်အစုံကို သိရသောအခါ သုံးဆယ် အာ-စီ-အမ်ကျောင်းဘုန်း တော်ကြီးက ဆရာအား ပြန်၍ ခေါ် သည် ။ သုံးဆယ်တွင် ပင် ဆရာအဖြစ် သင်ကြားနေပေသည် ။ ဆ ရာသမားတို့ ၏ စကားကို မြေဝယ်မကျ နားထောင်သည် ။ သို့သော် ဆရာသည် သူ့ထ င်မြင်ချက် သူ မှန်သည် ဟု ယူဆသော အလုပ်ကိစ္စမှန်သမျှကို မလုပ်ရ လျှင် သေတော့မလောက် မအောင့်နိုင် မ စောင့်နိုင်သော အကျင့်ကလ ည်း ရှိပေသည် ။

ဆရာပီမိုးနင်းသည် သုံးဆယ် အာ-စီ-အမ်ကျောင်း၌ စာသင်ကြား၍ အေးချမ်းစွာနေရသည် ။ တစ်နေ့သော ညနေခင်းတွင် ဆရာသည် ကျော င်းဝင်းအပြင်ဘက်သို့ ထွက်၍ ထိုထိုဤဤ အပျင်း ပြေသဘောဖြင့် ရှုကြည့်သည် ။ ထိုအခိုက်တွင် ဆရာ၏ မျက်စိတွင် ရှု၍ မရနိုင်သော မြ င်ကွင်းတစ်ခုကို သွားတွေ့သည် ။ မျက်စိတွင် စပါးမွေးစူးစရာဖြစ်သည် ။ ရှုကွက်လည်း လူတို့ စည်းဝိုင်းမှ ကျော်လွန်နေသည် ဖြစ်၏။ မတရားပြုနေသောအကြောင်းလည်း မှန်သည် ။ တစ် ဖက်သား ခံရသူ တို့ အဖို့ ကား မသက်သာလှချေ။

အကြောင်းကား မိန်းကလေးတစ်ဦးကို ယောကျ်ားကလေး ၄ ဦးက အတင်းစကားပြော၊ အ တင်း နောက်ကလိုက်နေ၏။ စားတော့မည် ဝါး

တော့မည် အခြေအနေမျိုး ရောက်ရှိသည် ။ အမျိုးသ မီးချောမှာ အကြံရ ကျပ်နေသည် ။ ကြွေနှင့်အရှက်ကို ငဲ့ရသည် ကလည်း တစ်မျိုး၊ သူတို့ ၏ အနှောင့် အယှက်ကို ခုခံရန်ကတစ်လီ အတော် ကသိကအောက် ဖြစ် နေရှာသည် ။

ဆရာသည် နှမချင်းစာနာသည် ။ အမိချင်းစာနာသည် ။ သွေးသားချ င်းစာနာသည် ။ ထို့ ကြောင့် ထိုလူငယ်များကိုသွား၍ နှုတ်ဖြင့် မေတ္တာရ ပ်သည် ။ အောက်ကျို့သောအသံဖြင့် တောင်းပန် သည် ။ လူငယ်တို့ ကား အလျှော့မပေးပေ။ ဆရာက ထပ်၍ ရည်မွန်စွာ အကျိုးအကြောင်းပြောပြန် သည် ။ လူငယ်တို့ က တိုး၍ လာသည် ။ ဆို လေကဲလေ ဖြစ်နေတော့သည် ။ အမျိုးသမီးချောလည်း သူ တို့ ၏ ပတ်ဝ န်းကျင်အနှောင်အဖွဲ့မှ ရုန်းထွက်၍ သွားရလေသည် ။ ဆရာက နှုတ်ချို ချိုဖြင့် ရှင်းပြနေ သည် ။ သို့သော် လူငယ်တို့ က ဆရာအား သဟောက် သဟာလုပ်သည် ။ မထိမဲ့မြင်ပြုသည် ။ မဆိုင်တဲ့ ခ ရမ်းက ပဲတန်းလန်း သီးသည် ဟု ဆိုသည် ။

ဆရာသည် စိတ်ကိုထိန်း၍ မရ။ ဤမျှ မတရားပြုခြင်းကို အဘယ် သူသည် သည်းခံနိုင်အံ့ နည်း။ ဆရာသည် သည်းခံမှု လက်လွှတ်လိုက်သ ည် ။ အနီးရှိ ကုက္ကိုသားသစ်ကိုင်းနှင့်ဆွဲ၍ လူငယ် လေးယောက်ကို ဆော်လာတော့သည် ။ လူငယ်တို့ ကလည်း အတင်းဝင်၍ ထိုးသည် ။ အ တော်ကြာ အောင် တစ်ယောက်နှင့်လေးယောက် ရိုက်ကြသည် ။ လူငယ် တစ်ယောက်မှာ အတော်နာသွားသည် ။ ကျောင်းဝင်းအတွင်းမှ လူများ နှင့် လမ်းသွားများ မြင်၍ လာရောက်ဖျန်ဖြေကြသည် ။ ထို့နောက် လူ င ယ်များ သည် အာ-စီ-အမ်ကျောင်းမှ ဆရာမှန်းသိ၍ တောင်းပန်စကားပြောကာ ထွက်သွားကြသည် ။

ဆရာသည် လူ့ကျင့်ဝတ်ကို ထာဝစဉ်ထိန်းသူဖြစ်သည် ဟု ဆိုရချေမည်။ ဆရာပီပီ အမြင်မ တော်လျှင် မတော်သလို ပြုတတ်သော အလေ့ရှိသည် ဟု ဆိုက မမှားချေ။ မဟုတ်လျှင် ဆရာသည် သည်းမခံ နိုင်သော သတ္တိရှိသည် မှန်ပေသည် ။ အကြောင်းအရာတစ်ခုခု၌ မတရားသည် ကို တွေ့လျှင် မိမိနှင့်မပတ်သက်ဟု တွေးတောသူမဟုတ်ချေ။ လူသားအချင်းချင်း၏ စောင့်အပ်သောတာဝန်ကို ကျေပွန်ရမည် ဟု လက်ခံကျင့်သုံးသူ ဖြစ်ပေသည် ။

ယင်းသို့ ဆရာပီမိုးနင်းနှင့် အပြင်ကာလသားများ ၏ ဇာတ်လမ်းစုံကို ဆရာဘုန်းတော်ကြီး က သိသဖြင့် ပီမိုးနင်းကို သူသည် စိတ်မချတော့ချေ။ စိတ်ထင်သလိုလုပ်သူဟု မှတ်ချက်ပင် ချလေ ရော့လားမသိ။ သို့မဟုတ် နောက်ထပ်၍ ရန်ကြွင်းရန်စပွားကာ ပြဿနာများ ပေါ်လာမည်ကိုလည်း စိုးရိမ်ဟန်တူသည် ။ သို့ကြောင့် ပီမိုးနင်းကို သုံးဆယ်တွင်ထား၍ မဖြစ်တော့ဟု ဆုံးဖြတ်ဟန်တူ သည် ။ ပီမိုးနင်းကိုခေါ်၍ ဟင်္သာတနယ် ဓမ္မိသို့ ဆရာအဖြစ် သွားရောက်စာသင်ကြားရန် စေလွှတ် သည် ။

ပီမိုးနင်းသည် ဆရာဘုန်းတော်ကြီး၏ စကားကို ထိပ်ဝယ်ပန်လျက် ဝန်ခံကတိပြုသည် ။ ဘုန်းတော်ကြီးက အပြစ်ကြောင့်မဟုတ်ဘဲ ဆရာ့အား စိုးရိမ်မှုလွန်၍ ယင်းသို့ စေလွှတ်ခြင်းဖြစ် သည် ဟု လည်း မိန့်လေသေးသည် ။ မည်သို့ဖြစ်စေ ပီမိုးနင်းသည် စိတ်စနောင့်စနင်း မည်သို့မျှမဖြစ်၊ ထိတ်လန့်ချောက်ချားခြင်းလည်း မရှိ၊ စိတ်ထိခိုက်မှုလည်း သူ၌ မပေါ်ချေ။ အေးအေးချမ်းချမ်းပင် ဆရာဘုန်းတော်ကြီး၏ အမိန့်ကို ဦးထိပ်၌ ရွက်၍ ထားရန်ပြင်ဆင်လေသည် ။

သာယာသော နွေဥတုသမယ ဖြစ်လေသည် ။ အေးအေး ဆေးဆေး

ညမီးရထားဖြင့် ဓမ္မိသို့ လိုက်မည်ဟု ဆုံးဖြတ်လိုက်သည် ။ သို့ကြောင့် ဆရာသည် ညနေစာစားပြီးလျှင် သုံးဆယ် အလယ် ကုန်း ဘူတာက လေး (ယခု သုံးဆယ်မြို့မဘူတာ) သို့ ထွက်ခဲ့သည် ။ အရွယ်အားဖြင့် လူ ရွယ်ပိုင်းသို့ ရောက်ရှိလျက်နေသည် ။ အသက်နှစ်ဆယ် ကျော်ကျော် သုံး ဆယ်ပတ်ဝန်းကျင်လောက်သာ ရှိမည် ထင်ရသည် ။ သူဝတ်ပုံက အခြားလူရွယ်များကဲ့သို့ ကြော့ကြော့မော့မော့ မရှိလှ။ ဆရာပီမိုးနင်းက အဝတ်အစားသည် သူ့အတွက် အကြောင်းမဟုတ်ချေ။ စိတ်နှလုံးထဲ၌ လည်း တောင့်တောင့်တတ အထူးတလည် ဝတ်လိုစိတ်ရှိသူ မဟုတ်။ အ သင့်အတင့် လျောက်ပတ်တင့်တယ်မှုရှိလျှင် ပြီးရောဟူ သောစိတ်က အမြဲရှိသည် ။ သို့ကြောင့် သူဝတ်ပုံသည် ရိုးသားလှ၏။ ပလေကတ်လုံချ ည် နှစ်ရေချ လောက်ကို ဝတ်ထားသည် ။ အပေါ်အင်္ကျီ (တိုက်ပုံအင်္ကျီ) မှာ ပဒုမ္မာပိတ်ချောပါးကို ချုပ်ထားသော အင်္ကျီ ဖြစ်သည် ။ ယခုခေတ် လူငယ်တို့ တွေ့လျှင် ရယ်ကောင်း ရယ်ကြပေလိမ့်မည်။ သို့သော် သူ့ခေ တ်နှင့်သူ့အခါနှင့်တော့ ဆီလျော်လျက်ပင်တည်း။ ဖဲထီးတစ်ချောင်းကို ပ ခုံး၌ ချိတ်ထားသည် ။ ခေါင်းဖြီးထားပုံကလည်း မသေသပ်။ ဘီးဖြင့် မိ ရာနေရာကို ရမ်း၍ တောင်ခြစ် မြောက်ခြစ် ဖြီးထားသောပုံပန်း ဖြစ်သ ည် ။ လွယ်အိတ်ခပ်လတ်လတ် တစ်လုံးကိုတော့ လွယ်လျက်ထားသည် ။

ဆရာသည် ကြောင့်ကြမှုကင်းစွာဖြင့် မီးရထားစကြံပေါ်၌ မတ်တတ် ရပ်နေသည် ။ ရီတမှောင် အချိန် ဖြစ်ပေသည် ။ ခရီးသည် များ လည်း ထိုမှ ဤမှ မိုးမိုးမတ်မတ် လှုပ်ရှားသွားလေနေကြသည် ။ ဆရာသည် မိ မိသွားရမည့်ခရီးကို တွေးတော၍ စိတ်ပူပင်ဟန် မတူ ချေ။ မရောက် သေးသောအမှုကိစ္စကို ကြိုတင်၍ တွေးဆမှု မရှိသူ တစ်ဦး ဖြစ်သည် ဆို ပါက လွဲမည်မထင်။ ပီမိုးနင်းသည် မီးရထားဆိပ်မှ ခရီးသည် များ နှင့်

ထိုပြောဉ်ပြောဖြင့် စကားပြော၍ နေသည် ။ စကားပြောကြရာမှ ပြည်မြို့သို့သွားမည့် ခရီးသည် များ နှင့် စကားလက်ဆုံ ကျလေသည် ။ ဆရာက အတွေ့အကြုံကို ရှာနေသူဖြစ်သည် ။ ပြည်သို့ မရောက်ဖူးသေးချေ။ ပြည်မြို့အကြောင်းကို မေးသည် ။ ရှေးမြန်မာတို့ ၏ မြို့ဟောင်းရာဇဝင် ထင်ရှားသည် ကို သိပြီးဖြစ်၍ ဆရာက ပိုမိုစိတ်ဝင်စားပေသည် ။ ရွှေဆံတော်စေတီတော်အကြောင်း မေးသည် ။ မိမိ၏ ပထွေးက ရွတ်ပြခဲ့ဖူးသော နဝဒေးကြီး၏ ပြည်ရွှေဆံတော်ဘုရားတိုင် ရတုကို ပြေး၍ သတိရမိသည် ။ မြသိတင်ဟူသော ဘုရားပွဲတော်ကို တွေးထင်လာသည် ။

"တောင်ထိပ်စွန်းဝယ်၊ တသန်းညဏ်ရှင်၊ မြသိတင်ဟု ၊ ကောင်းကင်မိုးမြေ၊ နှံ့မျှဝေသည် ၊ ဆဲ မွေဘုန်းခေါင်၊ မိတည်နောင်" ဟူသောရွတ်သံကို ကြားယောင်မိလေသည် ။ ဘောဘောကြီး စသည့် ရှေးဟောင်းပုထိုးတော်များ ၏ အကြောင်းကို စုံစမ်းသည် ။ ပြည်မြို့မှ ခရီးသည် များကလည်း မြစ်တစ်ဖက်ကမ်းမှ ဖိုးဦးတောင်၏ သာယာဖွယ်ကို သိသမျှဖောက်သည် ချသည် ။ နိဗ္ဗိန္ဒ၊ အင်ကြင်းမြောင် စသော ကြည်နူးဖွယ်ချောင်များ အကြောင်းကို မြိန်မြိန်ရှက်ရှက် ရှင်းပြသည် ။

ဆရာပီမိုနင်းသည် ပြည်သား ခရီးသည် တို့ ၏ နှုတ်ရေးဖြင့် ပသာဒဂုဏ်မြောက်လှသော ပြည်မြို့၏ ရှုခင်းများ အကြောင်းကို သွားရည်ယိုလာသည် ။ သွားလိုစိတ် ယိုဖိတ်လျှက်နေသည် ။ မိမိ သွားရမည်မှာကား ဓမ္မိဖြစ်သည် ။ ယခု တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာသော ဆန္ဒကား ပြည်မြို့သို့သွား လိုသောစိတ် ဖြစ်သည် ။ ထိုစိတ်နှစ်စိတ်သည် မည်သူက မည်သူ့ကို ဖုံးလွှမ်းစိုးမိုးသွားမည်ကား စောင့်၍ ကြည့်ရပေဦးမည်။

ဆရာသည် မိမိစိတ်က ဆောင်ရွက်သည့်အတိုင်း လူကလည်း ဆောင်ရွတ်တတ်သည့်သဘော ရှိကြောင်း သိပြီးဖြစ်ကြသည် ။ သို့ကြောင့် ဟ

သ်ာတဘက်သို့ သွားရန် မီးရထားလက်မှတ် မယူချေ။ ပြည်သို့သွားမည့် ရထားလက်မှတ်ကိုသာ ပြည်သွားခရီးသည် များ နှင့် အတူယူ၍ ထားသည် ။ ဆရာသည် ပြည်သို့သွားပေမယ့် ပြည်တွင် သိကျွမ်းသူ တစ်ယောက်မျှမရှိ။ ဆရာဘုန်းတော်ကြီးနှင့်ပတ် သက်သော မိတ်ဆွေများကိုလည်း မသိ၊ ဆွေမျိုးများ နှင့် သိကျွမ်းသော အဖော်အပေါင်း မိတ်ဟောင်း ဆွေဟောင်းများကိုလည်း မိမိမကြားဖူးခဲ့ပေ။ ဂရုလည်း မထားခဲ့။ ညရေးညတာဖြစ်၍ မည်သို့ မိမိသည် သွားလာနေထိုင်မည်ကိုကား လားလား ထည့်၍ မစဉ်းစားခဲ့။ မိမိ သွားလိုသော ပြည်မြို့သို့ သွားဖို့ သာ သူ့အတွက် အရေးကြီးသည် ။ တခြားအရေးများကို ဆရာက အရေးဟူ၍ အမှုမထားတော့ချေ။

လူသားတို့ မည်သည် မိမိကိုယ်ရေးကိုယ်တာအတွက် အရေးအထားဆုံးဖြစ်သည် ။ သို့သော် ဆရာပီမိုးနင်းက မိမိအတွက်ကိုမူ သတိမမူလှပေ။ သို့ကြောင့်ပင် သာမန်လူတို့ အများအားဖြင့် လုပ် လေ့ လုပ်ထမရှိသော လုပ်ဆောင်ချက်များကို သူသည် အလွယ်တကူ ပြုနေခြင်းဖြစ်သည် ။ အခြား သောသူများ အဖို့ ကား ဝန်လေးမည်။ စိတ်က ရဲဝံ့မည်မဟုတ်သော်လည်း ဆရာအတွက်မူ ဖြစ်ရိုးဖြစ် စဉ်တစ်ခုမျှ သာမန်အလုပ်တစ်ခုမျှလောက်သာ ဂရုပြုမိပေလိမ့်မည်ကား ဧကန်ဖြစ်သည် ။ သို့ကြောင့် ဆရာသည် ပြည်သို့သွားသည့် ညရထားဖြင့် ပြည်သားခရီးသည် များ နှင့်အတူ လိုက်ပါသွားလေတော့သည် ။

ညမီးရထားကြီးကလည်း မီးတထိန်ထိန်နှင့် စာရေးဆရာအလောင်း ပီမိုးနင်း (မောင်ကျော်) နှင့်တကွ ခရီးသည် အပေါင်းတို့ ကို သယ်ဆောင်၍ သွားလေသည် ။ ပီမိုးနင်းသည် ပြည်သားခရီးသည် များ နှင့် စကားတပြောပြော ပီတိတွေဖြာလျက် ရှိသည် ။ ပြည်မြို့ရှုခင်းနှင့် ရာဇဝင်ကြောင်းများကို စိတ်ကူးယဉ်လျက် နေပေသည် ။ သို့နှင့် မီးရ

ထားကြီးသည် အချိန်နှင့်ကိုက်အောင် ခုတ်မောင်းလျက် ပြည်မြို့သို့ နီးကပ်လာသည် ။

သန်းခေါင်ကျော် အချိန်ရောက်လေပြီ။ ပြည်သားခရီးသည် တို့ သည်လည်းကောင်း၊ မြေလတ်ပိုင်း ခရီးသည် တို့ သည် လည်းကောင်း မိမိတို့ ရပ်ဌာနီ၊ မိမိတို့ အိမ်သို့ ပြန်ကြမည်ဖြစ်သည် ။ ဆရာက အဘယ်အိမ်သို့ သွားမည်နည်း။ အဘယ်သူ့အိမ်၌ တည်းခိုမည်နည်း။ ပတ်ဝန်းကျင်အခြေအနေကဖြင့် ဆရာ့ကို ပြုပြင်လျက်ပင်။ သို့သော် ဆရာက စိတ်ကူးထဲပင် မထည့်ချေ။ စကားပြောမပျက် ဣန္ဒြေရရ လိုက်ပါ လာလေသည် ။

ပြည်ဘူတာသို့ မီးရထားဆိုက်လေသည် ။ အသီးအသီးသော ခရီးသည် တို့ ပြန်ကြကုန်ပြီ။ အ ထုပ်အပိုးကိုယ်စီဖြင့် သွားကြသူတချို့၊ မြင်းလှည်းနှင့်ပြန်သူတို့ က တစ်ဖုံပင်။ ထိုအချိန်ကျမှ ဆရာပီ မိုးနင်းသည် မည်သည့်နေရာတွင် တည်းခိုရမည်၊ မည်သည့်နေရာတွင် အိပ်ရမည်ကို သတိရလာ သည် ။ သို့သော် တုန်လှုပ်မှုကား နည်းနည်းမျှ မရှိချေ။ ကြုံသလိုနေမည်။ စားမည်ဟု သဘောပိုက် ထားသောကြောင့်တည်း။ စင်ကြံပေါ်တွင် ထိုမှ ဤမှ လျှောက်၍ နေသည် ။ အကြံယူနေခြင်းတည်း ။

တွေ့လေပြီ…။ ဘူတာရုံရှေ့တွင် အောက်လင်းဓာတ်မီး တစ်လုံးကို လက်ကဆွဲထားသော ကု လားတစ်ယောက်နှင့် အခြား ကုလားနှစ်ယောက်သည် တစ်စုံတစ်ယောက်ကို စောင့်ကြည့်နေကြ သည် ။ ထို့နောက် ကုလားတို့ သည် အထက်တန်း မီးရထားတွဲဆီသို့ သွားကြသည် ။ တစ်ယောက်က မီးပြ၍ နှစ်ယောက်က ရထားပေါ် တက်၍ အထုပ်အပိုးနှစ်ထုပ်ကို သယ်ချသည် ။ ကုလားများ နောက်သို့ ဆင်း၍ လိုက်သွားသော

သူမှာ ထည်ဝါခန့်ညားလှသော ရုပ်သဏ္ဍာန် ဖြစ်သည် ။ အရွယ်အနည်း ငယ် ထောင့်ပုံပေါ်သည် ။ အရပ် ထောင်ထောင်မောင်းမောင်း ဖြစ်သည် ။ ကိုက်ဆိုက်ကျကျပင်တည်း။ အထက်တန်းလွှာမှ အရာရှိသော်လည်း ကောင်း၊ ပင်စင်စားသော်လည်းကောင်း ဖြစ်မည်ထင်ရသည် ။ ဆရာသ ည် ထိုပုဂ္ဂိုလ်ကြီးအား မျက်စိကျမိတော့သည် ။ ဤပုဂ္ဂိုလ်ကြီးနောက်သို့ လိုက်၍ တည်းခိုရလျှင် ကောင်းမည်ဟု တွေးမိကာ အနားသို့သွားရော က်သည် ။

"ဦးလေး ဦးလေး...ဦးလေးအိမ်မှာ ခုည တစ်ညလောက် တည်းပါရ စေ၊ ဦးလေးမှာ တာဝန်မ လေးလှဘူးဆိုရင် ခွင့်ပြုပါဗျာ"

ဆရာသည် ထိုပုဂ္ဂိုလ်ကြီးအား ရိုရိုသေသေ ခွင့်တောင်းနေပေသည် ။ ဆရာက လက်နှစ်ဖက် ကို နောက်ပစ်ပြီး မတ်တတ်ရပ်လျက် ကြည့်နေ သည် ။ ထိုအဘိုးကြီးကလည်း ဘုမသိဘမသိ တစ်ခါ မျှမမြင်ဖူးသော လူတစ်ယောက်က အချိန်မဲ့ ကာလမဲ့ ညတွင် တည်းခိုခွင့်တောင်းသည် ကို အံ့သြ သောအမူအရာဖြင့် ရုတ်တရက် မော့ကြည့်လိုက်သည် ။ လူရွ ယ်တစ်ယောက်ဖြစ်သည် ။ အခြေအနေ မှာ ရိုးသားပုံပေါ်သည် ။ အဝတ် အစားအားဖြင့် မင်းစေတစ်ယောက်လိုလို၊ တောက အမျိုးသားတစ် ယောက်လိုလို စသည် ဖြင့် ထင်ရမည်။ ထိုသူတို့ ဝတ်သော အဝတ်ထက် ပင် ဖရိုဖရဲနိုင်လှသေးသည် ။ သို့သော် လူ၏ အရည်အသွေးကို အထင်း သားတွေ့နိုင်သည် ။ အဝတ်က စုတ်ပေမယ့် ပုံပန်းအသွင်က ရွှေထုပ်တဲ့ မြပဝါလိုပင် ဖြစ်သည် ။

ထိုပုဂ္ဂိုလ်ကြီးလည်း လူ၏ အင်္ဂါရုပ်ကိုအကဲခတ်ပြီးလျှင်..

"အေး...အေး..မောင်ရင်တည်းချင်လည်း လိုက်ခဲ့"

ဟု ဆိုကာ ထွက်သွားသည် ။ ဆရာသည် လည်း ထိုအဘိုးကြီးနှင့် ကု

လားများ ၏ နောက်မှ လိုက်ပါသွားလေသည် ။

တစ်အောင့်လောက် ခြေကျင်လျှောက်မိလျှင် ခြံကြီးတစ်ခြံ အတွင်းသို့ ဝင်သွားရသည် ။ ခြံ ကြီးအတွင်း၌ ကြီးမားခိုင်ခံ့သော ပျဉ်ထောင်အိမ်ကြီးတစ်လုံးကို တွေ့သည် ။ အိမ်ရောက်လျှင် ထိုပု ဂ္ဂိုလ်ကြီး က "အဲဒီ အိမ်အောက်မှာ အိပ်" ဟု လက်ညှိုးထိုးပြ၍ အိမ်ပေါ်တက်သွားလေသည် ။ အ ခြားသောသူများ ဖြစ်လျှင် မည်မျှ စိတ်ရှုပ်မည်နည်း။ သို့သော် ဆရာကား မူမပျက်၊ အိမ်အောက်တွင် ဂေါ်ရင်ဂျီကုလားများ ၁၀ ယောက်ခန့်ရှိသည် ။ ကုလားစကားကို ဆရာက စ၍ ပြောဆိုသဖြင့် ကုလားများ နှင့် လေပေးဖြောင့်သွားသည် ။ ဆရာ့အား နေရာပေးကြသည် ။ မည်သည့်လူမျိုးမဆို ကိုယ့်ဘာ သာစကားတတ်သူကို လေးစားကြမြဲဖြစ်သည် ကား အမှန်ပင်။ ဆရာသည် ကုလားများ နှင့်အတူ ထို ညတွင် အိမ်ကြီးအောက်၌ အပန်းဖြေသည် ။ စိတ်လျှော့ခြင်း မရှိ။ မိမိရည်ရွယ်ချက် အောင်မြင်ရန်သာ ရှေ့ရှုသော ဆရာပီမိုးနင်း ဖြစ်ပေသည် ။

နောက်တစ်နေ့နံနက်တွင် ပြည်မြို့ထဲသို့သွား၍ လည်ပတ်သည် ။ ပါခဲ့သမျှသော ငွေတိုငွေစ ကလေးဖြင့် စားသောက်သည် ။ ညတွင် ထိုပုဂ္ဂိုလ်ကြီး၏ အိမ်အောက်တွင် ပင် ကုလားများ နှင့်အတူ စခန်းသွားနေပေသည် ။ သို့နှင့် နေ့တွင် လျှောက်လည်ပတ်လိုက်၊ ညတွင် ပြန်၍ အိပ်လိုက်နှင့် သူ့အဖို့ တွက်ရေးကိုက်ပေသည် ။ ကုလားများ နှင့် အပေါင်းအသင်းဝင်ဆံ့ခြင်းကြောင့်ဟု ဆိုနိုင်သည် ။

ဆရာသည် ၄-၅ ရက်ပင် ယင်းသို့ ပြုလုပ်နေသည် ။ ထိုသို့ ပြုမူနေချက်ကို ထိုပုဂ္ဂိုလ်ကြီးက မျက်ခြည်မပြတ် စောင့်ကြည့်နေဟန် တူသည် ။ ဤသူငယ်သည် ဝရမ်းပြေးလော၊ လေလွင့်နေသောသူပဲလော တွေးကောင်းတွေးမည်။ သို့မဟုတ် စိတ်မနှံ့တနှံ့လူလော၊ ငါ့အိမ်ကို အကြံနှင့်

လာသူလော စသည့် ဖြင့် ယူဆနိုင်သည် ။ ထိုအတိုင်းပင် ထိုအဘိုးကြီး ကလည်း ဆင်ခြင်မိသည် ။

တစ်ညနေတွင် အဘိုးကြီးသည် အိမ်ပေါ်မှ ဆင်းလာ၍ ဆရာ ပီမိုးန င်းရှေ့တွင် လာ၍ မတ် တတ်ရပ်သည် ။

"ဟော့..မင်း ဘယ်ကလဲ၊ ဘာလာလုပ်တာလဲ၊ ခုထိ မပြန်သေးဘူး လား"

လေသံအေးအေးဖြင့် မေးသည် ။ မှန်ပေသည် ။ အဘိုးကြီးက မေးရ န်တာဝန်ရှိသည် ။ သူသည် ဆရာအား အဘယ်ကဲ့သို့သော လူစားမျိုးဖြစ် သည် ကို မသိ။ လူဆိုးလား လူကောင်းလားဟူ၍ လည်း မခြားနိုင်ပေ။

"ကျွန်တော်လား..သုံးဆယ်ကပါ ဦးလေး"

ဆရာသည် ရိုသေစွာ အမူအရာကိုပြုသည် ။ လေသံက ခပ်ကျိုကျိုဖြင့်ပြောသည် ။

"နေ့ ဘာကိစ္စနဲ့ လာတာလဲ"

ထိုအဘိုးကြီးက အကြောင်းကိုမေးသည် ။

"အလုပ်ရှာလာတာပါ ဦးလေး"

ဆရာသည် ကိုယ်နှိမ့်ချသော အသံဖြင့်ပြောသည် ။ ဆရာသည် မိမိ ၏ အတတ်ကို အလွန်သို ဝှက်တတ်သည် ။ ကြောင်သတ္တဝါကဲ့သို့ အကြောင်းပေါ်မှ သာ အစွမ်းပြလေ့ရှိ၏။ မသိသူများက သူ့ အား "ဘယ် ကိုဘာ လုပ်သွားမလဲ" မေးလျှင် "အလုပ်ရှာပါ" ဟု ပြောရိုးရှိသည် ။ ယ င်းစကားသည် ဆရာ၏ လက်သုံးစကားပင် ဖြစ်သည် ။ သူ့အယူနှင့်သူ ကား ဖြောင့်နေပေတော့သည် ။

"မင်း ဘာလုပ်တတ်သလဲ"

ထိုပုဂ္ဂိုလ်ကြီးက ဆက်မေးပြန်သည် ။ ဆရာ့အား တစ်ခါမျှ မမြင်ဖူးဘဲလျက် မြင်မြင်ချင်းပင် စေတနာသက်မိသူဖြစ်သည် ။ မေတ္တာရှေ့ထားခြင်းပင်တည်း။

"ကျွန်တော် အလုပ်ကြမ်းလေး ဘာလေး နည်းနည်းပါးပါး လုပ်တတ်ပါတယ်"

ဆရာက သူ၏ ပညာဇာတိကို ဖုံးနိုင်သမျှဖုံးကာ လွှဲ၍ ဖြေသည် ။ ဆရာသည် မည်သည့်အလုပ် ကိစ္စမဆို အောက်ခြေမှ စ၍ လေ့လာသူဖြစ်သည် ။ အောက်ပေါင်းကျေသည် ဟု ဆိုရပေမည်။ ပညာရှာ ပမာသူတောင်းစားဆိုသောထုံးနှင့် ကိုက်ညီသူလည်း မှန်ပေသည် ။ ထိုပုဂ္ဂိုလ်ကြီးသည် ဆရာအား လူနေပုံအရိပ်ကို အကဲခတ်သည် ။

"ဒီလိုဆို ငါ့အိမ်မှာ ပဲနေ၊ ထင်းပေါက်စရာရှိရင်ပေါက်၊ ရေခပ်စရာရှိရင်ခပ်ပေါ့၊ တိုလီမိုလီ လုပ်စရာလေးတွေ လုပ်ပေါ့ကွာ၊ မင်း နေနေကျမိတ်ဆွေတွေနဲ့ ပဲ ဒီအောက်မှာ နေပေါ့"

စေတနာအပြည့်အဝပါသော အသံဖြင့် ပြောလေသည် ။ ထိုပုဂ္ဂိုလ်ကြီးသည် ဆရာ့ကို အထာမသိ ဓာတ်မသိဘဲ အလုပ်ရှာသူပါဆိုသောလူအား အိမ်၌ နေ၍ အလုပ်ကို လုပ်ခွင့်ပြုသည် ။ အကြောင်းကံဆုံစည်းမှုပင်တည်း။

"မင်းနာမည်ကကော"

အဘိုးကြီးက ထပ်၍ မေးပြန်သည် ။

"မောင်ကျော်ပါ ဦးလေး"

ဆရာသည် ရိုသေစွာ ဖြေကြားသည် ။

"အေး..အေး..ကောင်းကောင်း နေပေါ့ကွာ"

အဘိုးကြီးသည် ကြည်ကြည်သာသာ ပြောရှာသည် ။ ထိုပုဂ္ဂိုလ်ကြီး၌ သမီးတစ်ယောက်ရှိ သည် ။ ပီမိုးနင်းနှင့် သက်တူရွယ်မျှလောက်ပင် ဖြစ်သည် ။ ထိုအမျိုးသမီးသည် ရုပ်ကမလှချေ။ သို့ သော်လည်း အကျည်းတန်သူတော့ မဟုတ်။ အထက်တန်းလွှာဖြစ်၍ မာန်ရှိပုံရသည် ။ ဆရာထင်သည့်အတိုင်းလည်း အထက်တန်းလွှာစိတ် ရှိသည် ။ ထိုပုဂ္ဂိုလ်ကြီး၌ အိမ်ထောင်မရှိချေ။ သမီးပျိုတစ် ယောက်နှင့်သာ အတူနေသည် ။ အမျိုးသမီးမှာ ရိုးသားပုံပေါ်သည် ။

ထိုပုဂ္ဂိုလ်ကြီးက 'ဒီမှာ ပဲနေ၊ ဒီမှာ ပဲစားသောက်' ဟု ပြောပြီးသည့်နောက် သူ ရုံးတက်သွား သောအခါ စာခြင်းများ ၊ စာတွဲများ လိုက်၍ ပို့ရသည် ။ သည် တော့မှ အထက်တန်းရှေ့နေကြီးတစ် ယောက် ဖြစ်သည် ဟု သိသည် ။ ရှေ့နေကြီးက ဆရာ့အပေါ်၌ ပြေပြေပြစ်ပြစ် ဆက်ဆံသည် ။ ဆရာက အကင်းပါးသူ ဖြစ်သည် ။ အလိုက်အထိုက်ကို ပေါင်းသင်းတတ်သော ညဥ်ကလေးရှိသည် ။ ထို့ကြောင့် ရှေ့နေကြီးနှင့် သူ့သမီးတို့၏ အရိပ်အကဲ အပြုအမူကို အမြဲစောင့်ကြည့်နေသည် ။ ရုံးသို့လိုက်ပို့ပြီးလျှင် အိမ်တွင် လည်း ထင်းပေါက်စရာရှိလျှင် ပေါက်သည် ။ ရေခပ်စရာရှိလျှင် ခပ်သည် ။ ရှေ့နေကြီးသမီးက စေသမျှ ခိုင်းသမျှ အစစအရာရာကို ဆောင်ရွက်ပေးရသည် ။ (ပီမိုးနင်း၏ ပီမိုးနင်း စာအုပ်တွင် ထိုအမျိုးသမီး၏ အမည်မှာ 'မေ' ဖြစ်သည် )

"ကိုကျော်ရေ မီးခြစ်ကလေးသွားဝယ်ပေးပါဦး" ဆိုလျှင် ဈေးသို့ပြေးရသည် ။ ဆပ်ပြာက လေး ဝယ်ပေးစမ်းပါဦးပြောလျှင် ထွက်၍ ဝယ်ရသည် ။ လက်တိုလက်တောင်း အိမ်၏ ဗာဟီရကိစ္စ လေးများကို နေ့စဥ်နှင့်အမျှ လုပ်ဆောင်ပေးရသည် ။ ရှေ့နေကြီး ရုံးသွားလျှင် လိုက်ပို့သည် ။

ပြန်ချိန် တွင် သွား၍ ကြိုသည် ။ ယင်းအလုပ်မှ တစ်ပါး ဘာမျှ ကြီးကြီး ကျယ်ကျယ် မည်မည်ရရ လုပ်ငန်းမရှိ ချေ။

အချိန်အားသမျှ အိမ်ကိစ္စမပြုလုပ်ရသော အချိန်များ တွင် ဆရာသည် ပြည်မြို့အနှံ့အပြား လျှောက်၍ လည်ပတ်သည် ။ မှတ်သားသည် ။ စူးစမ်းသည် ၊ လေ့လာသည် ၊ မေးမြန်းသည် ။ ဆရာ့၌ ခဲ တံတစ်ချောင်းနှင့် ဗလာစာအုပ်တစ်အုပ်ကတော့ အမြဲရှိသည် ။ ညအိပ်ရာ ဝင်ချိန်တွင် ခဲတံနှင့်စာအုပ်ကို ထုတ်သည် ။ အိပ်ရာပေါ် အားလျားမှောက်၍ ဒူးနှစ်ချောင်းကိုထောင်လျက် မိမိတွေ့ကြုံသမျှ မှတ်သားစရာတို့ ကို စတင်ရေးလေ့ရှိသည် ။ ဗူလိနတ်စအစုံ ရေးထားသည် က တစ် ခြမ်း၊ အစီအစဉ်ပြု၍ ရေးထားသည် ကတစ်ဖက် သူ၏ စာအုပ်၌ တွေ့နိုင်သည် ။ ဆရာသည် ခရီးသွားလေရာ၌ ခဲတံနှင့်စာအုပ်က ပါသွားမြဲဖြစ်သော တူ၏။

*